# အာဒ်ဝင်တူးကာလ ဒုတိယတနင်္ဂနွေနေ့

ရှင်မာကူး ၁း၁ - ၈

ကိုယ့်ဘဝမှာ ဘာမျှ မလုပ်ချင်မကိုင်ချင်၊ စိတ်ပျက်လက်ပျက်နဲ့ စိတ်လေပြီး ထိုင်းမှိုင်းနေပါသလား။ ဝမ်းနည်းနေရပြီး အားငယ်နေပါသလား။ ပြဿနာပေါင်းစုံနဲ့ မပြေမလည် စိတ်ရှုပ်နေရပါသလား။ ဒါဆို သင်ဟာ ယေရှာယကျမ်းစာထဲက ဘာဘီလုံပြည်သို့ စစ်သုံ့ပန်းအဖြစ် ဖမ်းဆီးခေါ်ဆောင်သွားခံရတဲ့ အီဇရာအဲလ်လူမျိုးတွေနဲ့ တူနေပြီ။ သူတို့ရဲ့ ဂျေရုဆလင် ဗိမာန်တော်ကြီးလည်း ဖျက်ဆီးခံခဲ့ရပြီ။ သူတို့မှာ ကိုယ့်တိုင်းပြည်ဆိုတာ မရှိတော့တဲ့ဘဝမျိုးကို ရောက်ခဲ့ကြပြီ။ သူတို့ဘဝမှာ အားလုံး ဆုံးရှုံးသွားခဲ့ရပြီ။

အဲဒီလို စိတ်ပျက်စရာကောင်းတဲ့ဘဝမျိုးကို ခံစားနေရတဲ့အခါ "ဘုရားက ငါတို့ကို စွန့်ပစ်သွားပြီ" လို့ ထင်မှာပဲနော်။ ငါတို့မှာ ဘာအပြစ်များရှိလို့ အခုလို ဒဏ်ခတ်တာလဲဆိုပြီး ထင်နေကြမှာပါ။ တကယ်တမ်း အဲဒီလို စိတ်ပျက်လက်ပျက် ရည်မှန်းချက်မဲ့ ဖြစ်နေရတာက ဘုရားက ကိုယ့်ကို စွန့်ပစ်လို့ မဟုတ်ပါဘူး၊ ကိုယ်ကသာ ဘုရားကို စွန့်ပစ်လို့ စိတ်ပျက်လာရတာပါ။ ဘုရားဘက်ကတော့ အမြဲတမ်း ချစ်ဖို့ သနားဖို့ပဲ စဉ်းစားတယ်၊ ဒါပဲ။ ဘုရားသခင်က တရားမျှတတယ်ဆိုပေမဲ့ ဘုရားရဲ့တရားမျှတခြင်းထက် သနားတတ်တာက ပိုပါတယ်။ အသေအချာ လက်ညှိုးထိုးပြီး သက်သေပြရမယ်ဆိုရင် ယေဇူးဘုရားရှင် မိန့်တော်မူခဲ့တဲ့ ပျောက်သောသား ပုံဥပမာထဲမှာ နောင်တာရပြီး ပြန်လာတဲ့သားငယ်ကို အကိုကြီးက လက်မခံချင်ဘူး။ အဖေက လက်ခံချင်တယ်။ အကိုကြီးက ပြောတာက တရားမျှတတယ်။ အဖေ ပြောတာက သနားတတ်ရတယ်။ အကိုကြီး ပြောတာက သားငယ်ရဲ့ အမွေဥစ္စာက သူဖါသာသူ သုံးဖြုန်းလို့ ကုန်ခဲ့ပြီလေ၊ အခု ဘာလာလုပ်တာလဲ။ မပေးနိုင်ဘူး၊ မကျွေးနိုင်ဘူးလို့ ပြောတာ တရားမျှတပါတယ်။ မှန်ပါတယ်။ ဒါကိုလည်း သားငယ်က သဘောတူလို့ "ကျနော်ကို သားအဖြစ် လက်မခံပါနဲ့။ အဖေ့အိမ်က အစေခံတယောက်လို လုပ်စားပါရစေ" လို့ ပြောပြီးပြီပဲ။ ဒါပေမဲ့ အဖေက မင်းဟာ ငါ့သားဖြစ်တယ်။ ငါက အဖေကွ။ ငါ့ကို ဘာ တရားမျှတတာတွေ/မမျှတတာတွေ လာမပြောနဲ့။ အဖေ့ဘက်က သနားတာပဲ သိတယ်၊ ကျန်တာ လာမပြောနဲ့လို့ ဆိုတဲ့အတိုင်းပဲ ကောင်းမြတ်တဲ့ဘုရားဘက်က တရားမျှတတာတွေ နားမလည်ဘူး၊ သနားဖို့ - ချစ်ဖို့ပဲ ဘုရားက သိပါတယ်။

ဒါကြောင့် စိတ်ပျက်လက်ပျက်နဲ့ မျှော်လင့်ချက်မဲ့နေရတဲ့အကြောင်းအရင်းကတော့ ကိုယ်ကိုယ်တိုင်က ဘုရားကို စွန့်ပစ်လို့ပါပဲ။ အဲဒီလို စိတ်ပျက်လက်ပျက်အခြေအနေမျိုးမှာ ဘုရားရဲ့အသံကို ပိုပြီးကြားနိုင်တဲ့အခြေအနေဖြစ်ပါတယ်။ အပြင်ပ ဆူညံသံတွေ အာရုံများစရာအပျော်အပါးတွေ မရှိနိုင်တဲ့ အခြေအနေမျိုးက သင့်ကို ဘုရားရဲ့ အားပေးနှစ်သိမ့်ပေးတဲ့အသံကြားရစေပါလိမ့်မယ်။ ဒါကြောင့် ယနေ့ဖတ်ရတဲ့ ရှင်မာကူး ကျမ်းစာအစမှာ ရှင်ယောဟန်ဗတ္တိစ္စတားက လူတွေ ဘုရားရဲ့အသံ၊ ဘုရားတရားဘက်ကို အာရုံရောက်နိုင်ဖို့ တောကန္တာရထဲကို လာခိုင်းတာပေါ့။ တောကန္တာရထဲမှာဆို ဘာ ပကာသနမှ မရှိဘူး။ ဒီလိုအခြေအနေမျိုးမှာ ဘုရားရဲ့အသံကို ပိုအာရုံစိုက်နိုင်ပြီးတော့ ကိုယ့်ဘဝအတွက်

လမ်းညွှန်ချက်၊ အသက်ရှင်ရတဲ့အဓိပ္ပါယ်တွေကို သိသွားနိုင်ပါလိမ့်မယ်။ ဒါကြောင့် တောကန္တာရနဲ့ တူတဲ့ စိတ်ငြိမ်တဲ့အချိန် စိတ်အာရုံထဲမှာ ရှင်းနေတဲ့အခြေအနေမျိုးကျမှ ဘုရားရဲ့တရားတော်ကို ကြားနိုင်မှာပါ။ တချို့လူတွေက ဆိတ်ငြိမ်ရမှာကို ရှောင်ချင်ကြတယ်။ တချိန်လုံး စကားတွေ ပြောနေ၊ ဆူညံနေချင်ကြတယ်၊ အလုပ်ရှုပ်နေချင်ကြတယ်။ ဘုရားအတွက် စိတ်ငြိမ်မှုကို မရှာဖွေချင်ကြဘူး။ အဲလို ဘုရားနဲ့ ကင်းကွာနေလာတာ ကြာရင် သူ စိတ်ပျက်လက်ဖြစ်မယ်၊ စိတ်ဓါတ်ကျမယ်ဆိုတာ မထူးဆန်းပါဘူး။

ခရစ္စမတ်အချိန်ကာလမှာလည်း အပြင်ဘန်း ပျော်ကြရွှင်ကြ ၊ စားကြသောက်ကြနဲ့ ဘုရားအတွက် စိတ်ငြိမ်စွာ အချိန်မပေးချင်ကြပါဘူး။ တကယ်တမ်း ခရစ်တော် ဖွါးမြင်တာက တိတ်ဆိတ်တဲ့ညမှာ ပါ။ စိတ်ကောင်းနှလုံးကောင်းရှိသောသူတို့အား ငြိမ်သက်ခြင်း ပေးတဲ့ခရစ္စမတ်ပါ။

ကိုယ်စိတ်နှလုံးထဲမှာ သခင်ဘုရား ကြွဝင်လာနိုင်ဖို့ ရှင်ယောဟန်ဗတ္တိစ္စတာက ဟောပြောထားသလိုပဲ “သခင်ဘုရား ကြွလာမည့်လမ်းကို ပြင်ဆင်ကြလော့၊ ကိုယ်တော်၏လမ်းများကို ဖြောင့်တန်းစေကြလော့” လို့ ဟောပြောခဲ့ပါတယ်။ လမ်းမှာ ခက်ခဲစေတာက မြင့်တဲ့တောင်တွေ ၊ နိမ့်နေတဲ့ ချိုင့်ဝှမ်းတွေ၊ လမ်းအကွေ့အကောက်တွေပဲ ဖြစ်ပါတယ်။ တောင်လို မောက်မာတဲ့ ကျနော်တို့ရဲ့မာနစိတ်ကို ဖျောက်ကြပါ၊ နှိမ့်ချကြပါ။ သင့်က မနှိမ့်ချသရွေ့ ဘုရားရဲ့တရားတော်ကို လက်ခံနိုင်မှာ မဟုတ်ဘူး။ ချိုင့်ဝှမ်းလို ကိုယ့်ဘက်က လစ်ဟာနေတာတွေကို အားဖြည့်ကြပါ။ ကိုယ့်ကိုယ်ကို အားငယ်နေတာတွေ ၊ ယုံကြည်ခြင်း အားနည်းနေတာတွေကို ဆုတောင်းကြရင်းနဲ့ ယုံကြည်ခြင်း ထက်သန်လာစေကြပါ။ ကောက်ကွေ့နေတဲ့လမ်းကို ဖြောင့်တန်းစေသလို ကောက်ကျစ်တဲ့စိတ်တွေ ဖျောက်ပြီး အရှိအတိုင်း ရိုးသားဖြောင့်မတ်ကြပါ။ သူတော်ကောင်းယောင် ဟန်မဆောင်ပါနဲ့။ အရှိအတိုင်း မရိုးသားပဲ ဟန်ဆောင်နေလို့ကတော့ ဘုရားက သင့်ကို ပြုပြင်နိုင်မှာ မဟုတ်တော့ပါဘူး။

ယေဇူးဘုရားရှင်က သင့်ကို ပေးချင်တာက ဝိညာဉ်တော်ဘုရား ဖြစ်ပါတယ်။ နားလည်အောင် ပြောရရင် သင့်ဝိညာဉ်ရေးမှာ ဘုရားရဲ့လှုံ့ဆော်မှု များများ ခံစားရစေချင်တာပါ။ ဒါကြောင့် တချိန်လုံး ဝိညာဉ်ရေးရာနဲ့ မပတ်သက်တဲ့စကားတွေပဲ များနေကြတယ်၊ ဘုရားတရားက လှုံ့ဆော်အားပေးတဲ့အတိုင်း ပြောဆိုလုပ်ကိုင်ကြတာမဟုတ်ပဲ မာန၊ ဒေါသ၊ မနာလိုခြင်းတွေက တွန်းပေးတဲ့အတိုင်း တွေးခေါ် ပြောဆိုလုပ်ကိုင်နေကြလို့ နောက်ဆုံးမှာ စိတ်ပျက်လက်ပျက်ဖြစ်ကြရတာပါ။

လက်တွေ့ဘဝမှာ တာရှည်မခံတဲ့ပျော်ရွှင်မှု၊ တာရှည်မခံတဲ့အလှအပတွေရဲ့နောက်ကို လိုက်မနေကြပဲ ဘုရားကပေးတဲ့ ဝိညာဉ်ရွှင်လန်းခြင်းက အရာရာကို ကြံ့ကြံ့ခံနိုင်တယ်။ အရာရာကို မျှော်လင့်ပြီးနေနိုင်လို့ ဘယ်တော့မှ စိတ်မပျက်စေဘူး။ ဒီလို ဝမ်းမြောက်ခြင်းတွေ ခံစားဖူးတဲ့လူတွေက ဆုတောင်းနေချင်တယ်၊ ဘုရားရဲ့တရားတော် ကျမ်းစာကို ထောက်ရှုစဉ်းစားနေချင်တယ်။ တာရှည်ခံတဲ့ ဝမ်းမြောက်ခြင်းအကြောင်း သူတို့ လက်တွေ့ သိရှိ ခံစားရဖူးလို့ပါပဲ။

နားဆင်သူအားလုံးအပေါ် ဘုရားသခင်ကောင်းကြီးမင်္ဂလာများ ခံစားကြရပါစေ။